ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်၊ နံပတ် (၁၀၇)

နေ့စွဲ – ၁၃. ၅. ၂၀၁၂

## အပိုင်း(၆) ခရစ်တော်ပြန်လာခြင်းနှင့်နောက်ဆုံးသောအကြောင်းအရာများ

## နောက်ဆုံးသောနေ့များအကြောင်း (The Last Days)

ကျမ်းစာက မကြာခဏ နောက်ဆုံးသောနေ့ (သို့) နောက်ဆုံးသောနေ့များ၊ နောက်ဆုံးသောအချိန်ဟူ၍ပြောလေ့ရှိပါသည်၊ (ကမ္ဘာ ၄၉း၁၊ ဟောရှာ ၂း၂၊ မိက္ခာ ၄း၁၊ ယော ၆း၃၉၊ တမန် ၂း၁၇၊ ၂တိ ၃း၁၊ ဟေဗြဲ ၁း၂၊ ယာကုပ် ၅း၃၊ ၁ပေ ၁း၅၊ ၁ယော ၂း၁၈၊ ယုဒ ၁၈)။ ထို့အပြင် ကမ္ဘာကြီး၏အဆုံး ဆိုသည်မျိုး (သို့) နောက်ဆုံးအချိန် ဆိုသည်မျိုးကိုလည်း ပြောပါသေးသည် (မဿဲ ၁၃း၃၉–၄၀၊ ၁ကော ၁၅း၂၄၊ ၁ပေ ၄း၇၊ ဗျာ ၂း၂၆)။

ထိုသို့ပြောနေသော နောက်ဆုံးသောနေ့ရက်များ (သို့) နောက်ဆုံးသောအချိန် ဆိုသည်မှာအဘယ်နည်း? ၄င်းတို့သည် နီးနေပြီလား? (သို့) အနာဂတ်ဝေးကြီးတွင်လား? ၄င်းတို့က ယနေ့ချိန်အသက်ရှင်နေကြသော ကျွန်တောတို့နှင့်သက်ဆိုင်ပါသလား? ကမ္ဘာကြီးအဆုံးသတ်မည်ဆိုသည်မှာ အဘယ်နည်း? ထိုမေးခွန်းများကို အဖြေပေးဖို့လိုပါသည်။

ကျမ်းစာက ရှင်းနေအောင်ပြောပြသည်မှာ ဓမ္မသစ်ကာလတခုလုံးသည် နောက်ဆုံးသောအချိန်၊ အဆုံးသတ်အချိန်ဖြစ်ပါသည်။ ထိုအချက်ကို ၁ကော ၁၀း၁၁ တွင်တွေ့ရပါသည်၊ ထိုနေရာတွင် ပေါလုက ကောရင့်မြို့သားယုံကြည်သူများနှင့်ကျွန်တော်တို့ထံ အဆုံးသတ်များသည် ကျွန်တော်တို့အပေါ်ရောက်နေသည်ဟုပြောပြပါသည်။ (ဆရာယုဒသန် မြန်မာကျမ်းစာတွင် ရှင်းရှင်းလင်းလင်းမမြင်ရသဖြင့်၊ မူရင်းမှ ဘာသာပြန်ထည့်ပေးလိုက်ပါသည် ၁ကော ၁၀း၁၁ "ယခုတွင် ထိုအရာအားလုံး သူတို့ထံ ဖြစ်ပျက်ခဲ့သည်မှာ ဥပမာများအတွက် ဖြစ်သည်၊ ထို့အပြင် ထိုအရာများကို ရေးသားမှတ်တမ်းတင်ရသည်မှာ၊ ကမ္ဘာ၏အဆုံးသတ်များ၌ရှိနေသော ငါတို့ကို သတိပေးဆုံးမရန်ဖြစ်သည်။") ထို့အတူ ဟေဗြဲ ၉း၂၆ ကလည်း ကမ္ဘာ၏အဆုံးသတ်တွင် ခရစ်တော်လာရောက်ကာ မိမိကိုယ်မိမိယဇ်ပူဇော်ခြင်းဖြင့် အပြစ်များကို ဖယ်ရှားပေးပါသည်ဟု ပြောပါသည်။ (ဤနေရာတွင်လည်း မူရင်းမှဘာသာပြန်ခြင်းက ဆရာယုဒသန်မြန်မာကျမ်းစာထက်ရှင်းသဖြင့် ဖော်ပြပေးလိုက်ပါသည် ဟေဗြဲ ၉း၂၆ "ထိုသို့သာဆိုလျှင်၊ သူသည် ကမ္ဘာတည်သည်ကာလမှ ကြိမ်ဖန်များစွာ ခံရမည်ဖြစ်သည်၊ သို့သော် ကမ္ဘာကြီး၏အဆုံးတွင် တကြိမ်သာ၊ အပြစ်ကို ဖယ်ရှားပစ်သောယဇ်အဖြစ် မိမိကိုယ်မိမိယဇ်ပူဇော်ရန် ရောက်ရှိလာပါသည်။") (ဤကျမ်းပိုဒ်များတွင်လည်းတွေ့နိုင်ပါသည်၊ ဟေဗြဲ ၁း၁၊ ၁ပေ ၁း၅၊၂၀၊ ၄း၇၊ ၁ယော ၂း၁၈)။

ခရစ်တော်ဒုတိယအကြိမ်ကြွလာမည့်အချိန်၊ ပြီးနောက် ကြီးသောတရားစီရင်ခြင်းပြုမည့်အချိန်တို့ကို ကမ္ဘာကြီး၏အဆုံးသတ်ဟုခေါ်ခြင်း(မာကု ၁၃း၇)၊ သူကြွမလာခင်အချိန်ကလေးကို "နောက်ဆုံးသောနေ့ရက်များ"ဟု ခေါ်ခြင်းသည်(၂တိ ၃း၁)တို့သည် ကျမ်းစာနှင့်မညီသောအရာမဟုတ်သော်လည်း၊ ၄င်းသည် သီးသန့်နောက်တချိန်ကိုရည်ညွှန်းသည်မဟုတ်၊ သို့သော် ဓမ္မသစ်အချိန်ကာလ၏ တစိတ်တပိုင်းသာဖြစ်ပါသည်။ ကျွန်တော်တို့အသက်ရှင်နေသော ယနေ့အချိန်၊ ဒီကနေ့သည် နောက်ဆုံးဖြစ်ပါသည်။ နောက်ဆက်ဖြစ်လာမည့်အရာများမကျန်တော့ပါ၊ အသစ်ဖန်ဆင်းခြင်း၊ ကောင်းကင်သစ်နှင့်မြေကြီးသစ်တို့သာ ကျန်ပါတော့သည်။

ယနေ့ချိန်သည် နောက်ဆုံးသောအချိန်များဖြစ်နေပြီဖြစ်လျှင်၊ ကမ္ဘာကြီးသည် နောက်ထပ်နှစ်ထောင်ပေါင်းများစွာ ဆက်ရှိဦးမည်ဟုပြောနေကြခြင်းကို ကျွန်တော်တို့ ယုံကြည်ဖို့ အတော်ခက်ပါသည်။ အဆုံးသတ်နှစ်များသည် အစပျိုးနှစ်များထက်ပိုရှည်ကြာနိုင်ပါမည်လော? ထိုသို့သာဆိုလျှင် အတော်ထူးဆန်းသောအဆုံးသတ်ဖြစ်ပါမည်။

ကျမ်းစာက မျက်မှောက်နှစ်များအားလုံးကို နောက်ဆုံးသောအချိန်ဟု မြင်ရခြင်းမှာ ခရစ်တော် အမြန်ပြန်လာမည်ဟု ကတိပေးထားသောကြောင့်ဖြစ်ပါသည်။ ယခုခေတ်အချိန်များသည် ဘုရားသခင် မိမိ၏အလုပ်တော်ကို ပြီးဆုံးအောင်လုပ်မည့်အချိန်၊ "ဖြောင့်မတ်ခြင်း၌ ၄င်းကိုတိုတောင်းစေမည်"ဟုပြောသောအချိန်ဖြစ်ပါသည် (ရောမ ၉း၂၈)။ (ဤနေရာတွင်လည်း ဆရာယုဒသန် ကျမ်းကိုဖတ်လျှင် ရှင်းမည်မဟုတ်ပါ၊ ထို့ကြောင့် မူရင်းဘာသာပြန်ကို ထည့်ပေးပါသည် ရောမ ၉း၂၈ – "အဘယ့်ကြောင့်ဆိုသော် သူသည် လုပ်စရာကို အပြီးသတ်လုပ်လိမ့်မည်၊ ဖြောင့်မတ်ခြင်း၌ ၄င်းကိုတိုတောင်းစေမည်၊ အဘယ်ကြောင့်ဆိုသော် သခင်ဘုရား သည် မြေကမ္ဘာပေါ်တွင် မကြာသောအလုပ်ကို လုပ်တော်မူမည်ဖြစ်သည်။") ထိုနှစ်ခုသည် ဆက်စပ်နေပါသည်။ ခရစ်တော်အလျှင် အမြန်ပြန်လာမည်ဆိုသည်ကို နှစ်ပေါင်းမည်မျှဟု အရေအတွက်ဖြင့် မတိုင်းတာရပါ။ ထိုသို့မဟုတ်ဘဲ၊ ဘုရားသခင်သည် သူ၏အ လုပ်ကို ပြီးဆုံးနေစေပြီဖြစ်သည်၊ ထိုသို့ သူလုပ်စရာရှိသည်ကို ပြည့်ဝစွာလုပ်ပြီးသောအခါ၊ ခရစ်တော်ကို အမြန်ဆုံးပြန်လာစေမည် ဟု နားလည်ရပါမည်။

မျက်မှောက်ခေတ်တချိန်လုံးသည် နောက်ဆုံးသောအချိန်ဖြစ်သည်ဆိုသောအမှန်တရားတွင် အင်မတန်လက်တွေ့ကျသောအနှစ်သာရများရှိနေပါသည်။ ကျွန်တော်တို့သည် အဆုံးသတ်တွင်အသက်ရှင်နေကြသည်၊ အဆုံးသတ်တွင်ဖြစ်ပျက်ကြမည့်အဖြစ်အပျက်များကို စတင်၍ခံစားနေကြရပြီဖြစ်သည် (မဿဲ ၂၄း၃၄)။ ထို့ကြောင့် ကျွန်တော်တို့သည် အဆုံးကိုမျှော်လင့်လျှက်အသက်ရှင်ကြပါသည်၊ အဆုံးသည် ကျွန်တော်တို့နှင့်မဆိုင်၊ ဟိုးအဝေးကြီးတွင်မဟုတ်ပါ၊ ကျွန်တော်တို့နှင့်တကယ့်ကိုပတ် သက် သက်ဆိုင်နေပြီဖြစ်ပါသည် (၁ကော ၁၀း၁၁)။ ထို့ကြောင့် ကျွန်တော်တို့၏မျှော်လင့်ခြင်းသည် ရောက်လာမည့်အရာများတွင်ဖြစ်သည်။ ဤကမ္ဘာထဲတွင်မဟုတ်ပါ၊ ဤကမ္ဘာလောကကြီး၏အရာဝတ္ထုများတွင်မဟုတ်ပါ။ ၄င်းတို့သည် အဆုံးသတ်သို့ရောက်နေကြပြီဖြစ်သည်။

ကျွန်တော်တို့သည် ကမ္ဘာကြီး၏ နောက်ဆုံးသောနေ့ရက်များတွင် နေနေသည်ဟုသိရခြင်းသည် မည်မျှကြောက်ရွံ့စရာကောင်းသလို၊ မည်မျှ အံ့သြစရာကောင်းလိုက်ပါသနည်း? ကျွန်တော်တို့သည် နောက်ဆုံးတရားစီရင်ခြင်းနှင့်ကျွန်တော်တို့၏ကယ်တင်ရှင် ပြန်လာမည့်အချိန် နှစ်ခုစလုံးကို လှမ်းမြင်နေရသကဲ့သို့ အမြဲတမ်း ရပ်နေကြပါသည်။ သင်းအုပ်များသည် ထိုတရားစီရင်ခြင်း၏ကြောက်စရာကောင်းခြင်းကို သိနားလည်လျှက် တရားဟောနေကြပါသည်။ ကျွန်တော်တို့အားလုံး သူစိမ်းများကဲ့သို့၊ ဘုရားဖူးခရီးသွားများကဲ့သို့ အသက်ရှင်ကြပါသည်။ ကျွန်တော်တို့၏လမ်းခရီးသည် မကြာခင်အဆုံးသတ်တော့မည်ကို သိကြပါသည်။ မကြာမီ ထာဝရမြို့တော်ကြီးကို ပထမဆုံးမြင်ရမည့်အချိန်သို့ ရောက်ပါတော့မည်။ ကျွန်တော်တို့သည် အန္တရယ်များသောအချိန်တွင် အသက်ရှင်နေကြသည်ကို သိမှတ်နားလည်ကြပါသည်။ အဆုံးသတ်ချိန်သည် ကျွန်တော်တို့အပေါ်ရောက်နေပြီကို သိကြပါသည်။ သို့သော် ကျွန်တော်တို့ မကြောက်ကြပါ။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့ ကယ်လွှတ်ခြင်းခံရမည့်အချိန် နီးလျှက်ရှိနေပြီဖြစ်သည်။

## ခရစ်တော်၏ခြားနားသောလာခြင်းအကြောင်း

(Different Comings of Christ)

ကျမ်းစာအရ ဓမ္မသစ်ကျမ်းချိန်တခုလုံးသည် နောက်ဆုံးသောအချိန်ဖြစ်သည်ကို ရှင်းပြခဲ့ပြီဖြစ်သည်။ နောက်ဆုံးသောနေ့ (သို့) နောက်ဆုံးသောအချိန် – အဆုံးသတ် – သည် အနာဂတ်တွင်မဟုတ်တော့ပါ၊ ယခုချိန်ပင်ဖြစ်နေပြီဖြစ်သည်၊ ကျွန်တော်တို့အားလုံး မည်သည့်အချိန်တွင် အသက်ရှင်ကြသည်ဖြစ်ပါစေ ထိုအချက်ကို ထည့်တွက်ကြရမည်ဖြစ်သည်။

ခရစ်တော်၏လာခြင်းကို ထိုအချက်မှနေ၍ နားလည်ရမည်ဖြစ်သည်။ ၄င်းသည် သမိုင်း၏အလွန်အရေးကြီးသော အဖြစ်အပျက်ဖြစ်သည်၊ ၄င်းအားဖြင့် အရာအားလုံးကို မိမိတို့အတွက်ခန့်ထားသောအဆုံးသတ်ခြင်းသို့ ရောက်ရှိစေသည်။ ၄င်းသည်အနာဂတ်အတွက်သာမဟုတ်ပါ၊ မျက်မှောက်ယခုပင်ဖြစ်ပျက်နေပါသည်။

ခရစ်တော်၏လာခြင်းကို ကျမ်းစာက တခုသောအဖြစ်အပျက်အနေနှင့်ပြောလေ့ရှိသည်၊ ဗက်လင်မြို့တွင်မွေးဖွားခြင်းအပါအဝင်၊ တရားစီရင်ခြင်းအတွက်ပြန်လာခြင်း၊ ထိုနှစ်ခုအကြားဖြစ်ပျက်မည့်အရာအားလုံးကိုထည့်ထားပါသည်။ ထိုအတွက်ကြောင့် ဓမ္မဟောင်းကျမ်းစာမှပရောဖက်များက ထိုအဖြစ်အပျက်များကို ရောထွေး၍ပေါ်ပြလေ့ရှိကြခြင်းဖြစ်သည်၊ ကျွန်တော်တို့အတွက်မူ ထိုအဖြစ်အပျက်များသည် နှစ်ပေါင်းထောင်ချီ၍သမိုင်းတွင်ဖြစ်နေကြသည်ကို မြင်နေရပါသည်။ ဓမ္မဟောင်းမှပရောဖက်များက ထိုအဖြစ်အပျက်များအားလုံးကို ဝိညာဉ်တော်၏မှုတ်သွင်းတော်မူခြင်းဖြင့် အဖြစ်အပျက်တခုအနေနှင့်သာတွေ့ခဲ့ကြပါသည်။

ထိုဖြစ်ပျက်နေသည့်အရာများအားလုံးသည် တကယ်တမ်းဆိုလျှင် တခုတည်းသောအဖြစ်အပျက်ဖြစ်သည်ဆိုသောအမှန်တရားကပြောချင်သည်မှာ ခရစ်တော်သည် လာလျှက်ရှိနေပါသည်(already coming)ဟုပြောလိုခြင်းဖြစ်သည်။ ကျမ်းစာက ထိုသို့ပင်ပြောပါသည်။ ကျမ်းစာက သူ၏လာခြင်းကို အနာဂတ်တွင်ဖြစ်ပျက်မည့်အရာဟုပြောနေသော်လည်း၊သူ၏ကိုယ်ခန္ဓာအားဖြင့်ပြန်လာမည်ကို ကြိုတင်ပြောနေပါသော်လည်း၊ ပို၍ပြောတတ်သောအသုံးအနှုံးမှာ ယခုပင်လာနေပြီ(သဒ္ဒါအသုံးအနှုန်းအရ ပစ္စုပ္ပန်)၊ သမိုင်းတလျှောက်လာနေလျှက်ရှိသည်ဆိုသည့်သဘောနှင့်ဖြစ်သည်။ သူသည် လာနေဆဲဖြစ်သည်၊ သူ၏ကိုယ်ခန္ဓာဖြင့်ပြန်လာခြင်းသည် အဆုံးသတ်တွင်ဖြစ်သည်၊ ဆိုသောစကားစုများက ဗက်လင်မြို့မှစတင်ခဲ့သောအဖြစ်အပျက်စဉ်ကြီး၏ နောက်ဆုံးအဆင့်ကို ရည်ညွှန်းခြင်းသာဖြစ်ပါသည်။

ထို့ကြောင့် ကျမ်းစာက ခရစ်တော်မွေးဖွားခြင်းကို သူ၏လာခြင်း၏ အစိတ်အပိုင်းတခုအဖြစ်သာပြောပြသည်မဟုတ်ပါ၊ အခြားသောအဖြစ်အပျက်များစွာကိုလည်း ခရစ်တော်၏လာခြင်း၏အစိတ်အပိုင်းများအဖြစ် ပြောပြလေ့ရှိပါသည်။ ထိုအဖြစ်အပျက်များကို အထူးသဖြင့် သုံးမျိုးတွေ့ရပါသည်၊–

ခရစ်တော် ဝိညာဉ်တော်အားဖြင့် လာခြင်း (ယော ၁၄း၁၆–၁၈)။ ဝိညာဉ်တော်အားသွန်းလောင်းခြင်းသည် ခရစ်တော်လာခြင်း၏အစိတ်အပိုင်းဖြစ်သဖြင့်၊ တမန်တော်ပေတရုက သူ၏ပင်တေကုတ္တေနေ့တရားဟောခြင်းတွင် ဝိညာဉ်တော်သွန်းလောင်းခြင်းနှင့် ကမ္ဘာကြီး၏အဆုံးတွင်ဖြစ်ပျက်မည့်အကြောင်းအရာများကြား(သွေး၊ မီးတောက်၊ မီးခိုး၊ မှောင်မိုက်ခြင်း)၊ ဆက်နွယ်မှုကို ရှင်းလင်းစွာ ခွဲခြားမနေတော့ပါ(တမန် ၂း၁၆–၂၁)။

ယုံကြည်သူတို့သေဆုံးချိန်တွင် ခရစ်တော်လာခြင်း။ သူကိုယ်တိုင်လာပါသည်၊ ပုဂ္ဂိုလ်အားဖြင့်မဟုတ်ပါ၊ ကိုယ်ခန္ဓာအားဖြင့်လည်း မဟုတ်ပါ။ သို့သော် တကယ်လာပါသည် ၄င်းကို ယော ၁၄း၂–၃ တွင်သေချာအာမခံထားပါသည်၊ "ငါ့အဘ၏အိမ်တော်၌ နေစရာအခန်းအများရှိ၏။ သို့မဟုတ်လျှင် မဟုတ်ကြောင်းကို သင်တို့အား ငါမပြောဘဲနေမည်။ သင်တို့နေစရာအရပ်ကို ပြင်ဆင်ခြင်းငှါ ငါသွားရ၏။ ငါသည် သွား၍ သင်တို့နေစရာအရပ်ကို ပြင်ဆင်ပြီးမှ တဖန် လာပြန်၍၊ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှါ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်။" ထိုအချက် သည် သေဆုံးချိန်တွင်ရရှိသော ကျွန်တော်တို့၏နှစ်သိမ့်မှုဖြစ်ပါသည်။ သူ၏ဝိညာဉ်တော်ဖြင့် လာရောက်ခြင်းဖြစ်ပါသည်။ ထို့အပြင် သူ၏အသံကို တရားဟောကြားခြင်း၌လည်း ကြားကြရပါသည်။ ထို့ကြောင့် သူ့နောက်သို့ ကျွန်တော်တို့ လိုက်ကြပါသည် (ယော ၁၀း၂၇)။ ကျွန်တော်တို့သေဆုံးသည့်အချိန်တွင် ခရစ်တော်သည် သူ၏ဝိညာဉ်တော်ဖြင့် ကျွန်တော်တို့ထံ တိုက်ရိုက်လာရောက်ကာ၊ ကျွန်တော်တို့ကို သူ့ထံ လက်ခံတော်မူပါသည်၊ နှစ်သိမ့်မှုပေးသူအဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် သေခြင်းကိုကြောက်လန့်ခြင်းမရှိဘဲ ကျော်လွှန်နိုင်ကြပါသည်(ယော ၁၄း၃)။ ထို့ကြောင့် ကျွန်တော်တို့ သေဆုံးချိန်တွင် သူ့ကိုတွေ့ရပါသည်၊ သူ့ထံ ထာဝရ ပျော်ရွှင်စွာ နေထိုင်ကြပါမည်။

ခရစ်တော်သည် ဇေဝဂေလိတရားဟောခြင်းဖြင့်လာပါသည်။ ဇေဝဂေလိအားဖြင့် ခရစ်တော်ကိုယ်တိုင်စကားပြောသည် ဆို သည့်အချက်သည် ထင်သာမြင်သာဖြစ်ပါသည် (ယော ၁၀း၂၇၊ ဖေက် ၂း၁၇)။ ထို့ကြောင့် ဇေဝဂေလိအားဖြင့် သူသည် လာပါသည်၊ သူ ရှိနေပါသည်။ မဿဲ ၂၈း၁၉–၂၀ က ထိုအချက်ကိုအဓိကပြောချင်ပါသည်။ ဇေဝဂေလိဟောခြင်းတွင် ကျွန်တော်တို့သည် ခရစ် တော်၏လာခြင်းကို ထည့်တွက်ရပါမည်။

ထိုအချက်အားလုံးက ပြောနေသည်မှာ ခရစ်တော်၏လာခြင်းသည် ကျွန်တော်တို့က လောလောဆယ်ထည့်တွက်စရာမလို သော နောင်အနာဂတ်မှဖြစ်မည့်အရာသာမဟုတ်၊ ယခုမျက်မှောက်အချိန်တွင်ပင် ရှိနေကာ၊ ထိုအချက်နှင့်မရင်ဆိုင်၍မရ အမြဲတမ်း ထည့်တွက်ရမည့်ကိစ္စဖြစ်သည်ဟု ပြောနေခြင်းဖြစ်ပါသည်။ အမှန်ပြောရလျှင်၊ ခရစ်တော်သည် နေ့တိုင်းလာနေပါသည်။ ကျွန်တော် တို့၏ဘဝများအဆုံးသတ်ချိန်တွင်လည်း သူကိုယ်တိုင်လာရောက်ကာ ကျွန်တော်တို့ကို သူထံသို့ လက်ခံလိမ့်ဦးမည်ဖြစ်သည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++

သုတ္တံ ၉း၁–၁၈ (ကျိန်းဘုရင်မူ)
၁ – ဉာဏ်ပညာသည် သူမ၏အိမ်ကိုဆောက်ပါသည်၊ သူမသည် သစ်တိုင် ခုနစ်တိုင်ကို ထွင်းထုပါသည်၊
၂ – သူမသည် အကောင်များကို သတ်ပါသည်၊ သူမသည် သူမ၏စပျစ်ဝိုင်ကိုလည်း ရောစပ်ပါသည်၊ စားပွဲကိုလည်း ပြင်ဆင်မွမ်းမံပါ သည်။
၃ – သူမသည် မိမိ၏အပျိုစင်များကိုစေလွှတ်လျှက်၊ မြို့တော်၏အမြင့်ဆုံးနေရာများမှ ကြွေးကြော်ပါသည်၊
၄ – ရိုးအသောသူမည်သူမဆို၊ ဤနေရာသို့လာခဲ့ပါ၊ နားလည်ခြင်းကို လိုချင်သူအနေနှင့် လာခဲ့ပါဟု ထိုသူ့ကို သူမပြောပါသည်၊
၅ – လာပါ၊ ငါ့မုန့်ကိုစားပါ၊ ငါရောစပ်သော ငါ့ဝိုင်ကို သောက်ပါ။
၆ – မိုက်မဲခြင်းကို စွန့်ပစ်ပါ၊ အသက်ရှင်ပါ၊ နားလည်ခြင်းလမ်းထဲသို့ သွားပါ။
၇ – ဂရုမစိုက် အထင်အမြင်သေးသူကို ပြစ်တင်ရှုတ်ချသူသည် မိမိအတွက် အရှက်ကိုသာရပါမည်၊ ဆိုးယုတ်သူကို ပြစ်တင်မောင်း မဲသူသည် မိမိအတွက် နာမည်ပျက်ခြင်းကိုသာရပါမည်။
၈ – ဂရုမစိုက် အထင်အမြင်သေးသူကို ပြစ်တင်ရှုတ်ချခြင်းမပြုနှင့်၊ ထိုသို့ပြုလျှင် သင့်ကို မုန်းမည်၊ ပညာရှိသူကို ပြစ်တင်မောင်းမဲ ခြင်းပြုလော့၊ သင့်ကိုချစ်လိမ့်မည်။
၉ – ပညာရှိသူကို သွန်သင်ခြင်းပေးလော့၊ သူသည် ပို၍ပညာရှိလိမ့်မည်၊ ဖြောင့်မတ်သူကို သင်ပါ၊ သူသည် သင်ယူခြင်း ပို၍တိုး ပွားလိမ့်မည်။
၁၀ – ဘုရားသခင်ကိုကြောက်ရွံ့ရိုသေခြင်းသည် ပညာရှိခြင်း၏အစ ဖြစ်သည်၊ သန့်ရှင်းသောဘုရားသခင်ကိုသိခြင်းသည် နားလည် ခြင်းဖြစ်သည်။
၁၁ – အဘယ့်ကြောင့်ဆိုသော် ငါ့အားဖြင့် သင်၏နေ့ရက်တို့သည် များပြားစွာတိုးလာပါမည်၊ သင့်ဘဝ၏နှစ်များ တိုးပွားကြမည်ဖြစ် ပါသည်။
၁၂ – သင်သည် ပညာရှိလျှင်၊ သင်သည် မိမိအတွက်ပညာရှိခြင်းဖြစ်ပါမည်၊ သို့သော် သင် ဂရုမစိုက် အထင်အမြင်သေးလျှင် သင် တဦးတည်းကသာ ၎င်း၏အသီးအပွင့်ကို ခံယူရလိမ့်မည်။
၁၃ – မိုက်မဲသောအမျိုးသမီးသည် ဆူညံသူဖြစ်သည်၊ သူမသည် ရိုးအသည်၊ ဘာမှမသိပါ။
၁၄ – အဘယ့်ကြောင့်ဆိုသော် သူမသည် မိမိအိမ်တံခါးဝတွင်ထိုင်ပါသည်၊ မြို့တော်၏မြင့်သောနေရာတို့မှထိုင်စရာနေရာတွင် ထိုင် နေပါသည်၊
၁၅ – မိမိတို့လမ်းများသို့ သွားလာနေသူများကို လှမ်းခေါ်ပါသည်၊
၁၆ – ရိုးအသူတိုင်း၊ ထိုနေရာသို့ဝင်ကြပါစေ၊ နားလည်ခြင်းလိုအပ်သူမှန်သမျှထံ သူမကပြောပါသည်၊
၁၇ – ခိုးသောက်ရသော ရေသည် ချိုသည်၊ လျှို့ဝှက်စွာ စားရသောမုန့်သည် အရသာရှိလှသည်။
၁၈ – သို့သော် သူသည် ထိုနေရာတွင် သေခြင်းရှိသည်ကို မသိပါ၊ ထို့အပြင် သူမ၏ဧည့်သည်များသည် ငရဲ၏နက်ရှိုင်းခြင်းများ၌ရှိ နေကြပါသည်။

××××××××××××××××××××××

ဖေက် ၃း၁ –၂၀ (ကျိန်းဘုရင်မူ)
၁ – ဤအကြောင်းအရာတွက် ငါ ပေါလ်သည် တပါးအမျိုးသားဖြစ်သော သင်တို့အတွက် ယေရှုခရစ်တော်၏ အကျဉ်းသားဖြစ်ပါ သည်၊
၂ – သင်တို့အတွက် ငါ့ထံပေးထားသော ဘုရားသခင်၏ကျေးဇူးတော်အမှုတော်ကို သင်တို့ ကြားကြပါလိမ့်မည်၊

၃ – ဖွင့်ပြချက်အားဖြင့် သူက ငါ့အား နက်နဲခြင်းကို မည်ကဲ့သို့သိစေသည်၊ (ယခင်က ငါ အနည်းငယ်သောစကားလုံးဖြင့် ရေးခဲ့သကဲ့သို့ဖြစ်သည်၊

၄ – ၎င်းကို သင်တို့ဖတ်ခြင်းဖြင့် ခရစ်တော်၏နက်နဲခြင်းကို ငါမည်မျှသိကြောင်း သင်တို့နားလည်ကြပါမည်)၊

၅ – ၎င်းကို ယခုအခါ ဝိညာဉ်တော်အားဖြင့် သူ၏သန့်ရှင်းသောတမန်တော်များနှင့် ပရောဖက်များထံ ဖွင့်ပြသကဲ့သို့ အခြားခေတ်များတွင် လူတို့၏သားများထံ သိစေခဲ့ခြင်း မရှိပါ၊

၆ – ၎င်းမှာ တပါးအမျိုးသားတို့သည် အတူတကွအမွေခံများဖြစ်ကြမည်၊ တခုတည်းသောခန္ဓာကိုယ်ဖြစ်ကြမည်၊ ဧဝံဂေလိအားဖြင့် ခရစ်တော်၌ပေးသော သူ၏ကတိတော်များအားလုံးကို ပါဝင်ဆက်ဆံကြသူများဖြစ်လာကြမည် ဆိုသည့်အကြောင်းဖြစ်ပါသည်၊

၇ – ထို့အတွက် ငါ့ကို အမှုတော်ဆောင်အဖြစ် ခန့်ထားပါသည်၊ သူ၏တန်ခိုးတော်၏ အကျိုးအာနိသင်ရှိသော လုပ်ကိုင်ပေးခြင်းဖြင့် ငါ့ထံပေးထားသော ဘုရားသခင့်ကျေးဇူးတော်၏ လက်ဆောင်အရဖြစ်သည်။

၈ – ဘာမှမဟုတ်ဆုံးသော သန့်ရှင်းသူအားလုံးတို့ထက် ဘာမှမဟုတ်သော ငါ့ကို ထိုကျေးဇူးတော်အား ပေးထားပါသည်၊ ထိုသို့ဖြင့် ငါသည် ရှာဖွေသိမြင်၍ မကုန်နိုင်လောက်အောင် ကြွယ်ဝချမ်းသာလှသော ခရစ်တော်၏အကြောင်းကို တပါးအမျိုးသားတို့ထံ ဟောကြားရန် ဖြစ်ပါသည်၊

၉ – ထို့အပြင် လူအားလုံးက ထိုနက်နဲခြင်း၏မိတ်သဟာယကို သိလာကြရန်ဖြစ်သည်၊ ၎င်းသည် ကမ္ဘာတည်စကပင် အရာအားလုံးကို ယေရှုခရစ်အားဖြင့် ဖန်ဆင်းတော်မူသော ဘုရားသခင့်ထံတော်၌ ဖွက်ထားသောအရာဖြစ်သည်၊

၁၀ – ယခုချိန်တွင် ရည်ရွယ်သည်မှာ ကောင်းကင်အရပ်ဒေသများ၌ရှိကြသော တန်ခိုးရှင်များ၊ အုပ်စိုးသူများက အသင်းတော်အားဖြင့် ဘုရားသခင်၏မျိုးစုံလှသော ဉာဏ်ပညာတော်ကို သိလာကြရန်ဖြစ်သည်၊

၁၁ – ၎င်းသည် ဘုရားသခင်မှ ငါတို့သခင်ယေရှုခရစ်ထံ၌ ရည်ရွယ်ထားတော်မူသော ထာဝရရည်ရွယ်ချက်အတိုင်းဖြစ်သည်၊

၁၂ – သူ့အားဖြင့် ငါတို့သည် ရဲရင့်ခြင်းရှိကြပါသည်၊ ထို့အပြင် သူ့အားယုံကြည်ခြင်းဖြင့် ယုံကြည်စိတ်ချစွာ ဝင်ရောက်နိုင်ခြင်းကိုလည်း ရကြပါသည်။

၁၃ – ထို့ကြောင့် သင်တို့အတွက် ငါခံရသော ဒုက္ခဆင်းရဲခြင်းများအတွက် သင်တို့ အားပျော့သွားခြင်းကို ငါမလိုချင်ပါ၊ ထိုအရာသည် သင်တို့၏ ဘုန်းကျက်သရေအတွက် ဖြစ်ပါသည်။

၁၄ – ဤအတွက်ကြောင့် ငါသည် ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ထံ ဒူးထောက်ဆုတောင်းပါသည်၊

၁၅ – သူ့အားဖြင့် ကောင်းကင်နှင့်မြေကြီးတခုလုံး၏ မိသားစုသည် အမည်ပေးခြင်းကိုခံရပါသည်၊

၁၆ – သူသည် သင်တို့အား သူ၏ဝိညာဉ်တော်အားဖြင့် အားရှိစေခြင်းကို အတွင်းလူထဲ၌ မိမိဘုန်းကျက်သရေ၏ ကြွယ်ဝချမ်းသာခြင်းဖြင့် အခွင့်ပေးတော်မူပါစေ၊

၁၇ – ခရစ်တော်သည် သင်တို့နှလုံးသားများထဲတွင် ယုံကြည်ခြင်းအားဖြင့် နေတော်မူပါစေ၊ ထိုသို့ဖြင့် သင်တို့သည် ချစ်ခြင်းထဲတွင် အခြေကျလျှက်၊ အမြစ်တွယ်လျှက် ရှိကြပါစေ၊

၁၈ – သန့်ရှင်းသူအားလုံးတို့နှင့်အတူ အလျား၊ အနံ၊ အနက်၊ အမြင့်တို့သည် အဘယ်အရာနည်းဆိုသည်ကို နားလည်နိုင်ကြပါစေ၊

၁၉ – ထို့အပြင် အသိပညာကိုကျော်လွန်သော ခရစ်တော်၏ချစ်ခြင်းကို သိနိုင်ကြပါစေ၊ ထိုသို့ဖြင့် သင်တို့သည် ဘုရားသခင်၏ ပြည့်စုံခြင်းအားလုံးနှင့် ပြည့်လျှက် ရှိနေကြပါစေ။

၂၀ – ယခုတွင် ငါတို့၏ဆုတောင်းခြင်း (သို့) တွေးခေါ်ခြင်းအားလုံးတို့ထက် မြင့်မားစွာ၊ အလွန့်အလွန်ပေါများစွာ၊ ငါတို့အထဲ၌ လုပ်ကိုင်နေသော တန်ခိုးတော်အတိုင်း လုပ်နိုင်စွမ်းသူ ဘုရားသခင်သည်၊

၂၁ – ခရစ်တော်ယေရှုအားဖြင့် အသင်းတော်၌ ကမ္ဘာအဆက်ဆက် အဆုံးမရှိအောင် ဘုန်းကျက်သရေ ရှိတော်မူပါစေ။ အာမင်။

++++++++++++++++++++++++++

## သခင်ဘုရား၏နေ့ (၁၀)

၂၇။ ဘုရားသခင်၏ထောက်မထိန်းသိမ်းတော်မူခြင်းဟုဆိုရာ၌ သင်ဘာကိုဆိုလိုပါသနည်း?

ခွန်အားကြီး၍၊ နေရာတိုင်း၌ရှိတော်မူသော ဘုရားသခင်၏တန်ခိုးတော်သည် ကောင်းကင်မြေကြီးနှင့် ဖန်ဆင်းသမျှသော အရာအားလုံးကို အုပ်စိုးလျှက်၊ ထောက်ပံ့မစတော်မူသည်။ ထိုသို့ပြုရာ၌ သူ၏လက်တော်ဖြင့်ပြုသကဲ့သို့ဖြစ်သည်။ ထို့ကြောင့် သစ်ဥသစ်ဖုများနှင့်မြက်များ၊ မိုးရွာခြင်းနှင့် မိုးခေါင်ခြင်းများ၊ သီးနှံပေါသောနှစ်များနှင့် ခေါင်းပါးသောနှစ်များ၊ သားငါးနှင့် သောက်သုံးစရာများ၊ ကျန်းမာခြင်းနှင့်ဖျားနာခြင်း၊ ကြွယ်ဝခြင်းနှင့်ဆင်းရဲခြင်းများ၊ မှန်ပါသည်၊ ခပ်သိမ်းသောအရာတို့သည် မတော်တဆ ဖြစ်မလာကြပါ။ ဖခင်နှင့်တူသောဘုရားသခင်၏လက်တော်မှနေ၍သာ ဖြစ်လာကြပါ သည်။

(တမန် ၁၇း၂၅–၂၈၊ ယေမြ ၁း၃၊ ယေ ၅း၂၄၊ တမန် ၁၄း၁၇၊ ယော ၉း၃၊ သုတ္တံ ၂၂း၂ ယောဘ ၁း၂၁၊ မဿဲ ၁၀း၂၉–၃၀၊ ဖေက် ၁း၁၁)

၂၈။ ဘုရားသခင်က အရာခပ်သိမ်းကို ဖန်ဆင်းသည်၊ သူ၏ထောက်မထိန်းသိမ်းတော်မူခြင်းဖြင့် ထောက်ပံ့မစတော်မူလျှက်ရှိသည်ကို သိရှိခြင်းက မည်သည့်အကျိုးရှိပါသနည်း?

ဆန့်ကျင်မှုများကိုတွေ့ရသည့်အခါ သည်းခံနိုင်သည်၊ ကြီးပွားချမ်းသာသောအခါ ကျေးဇူးတင်မည်၊ မည်သည့်အကြောင်းအရာမျိုးမဆို ကျွန်ုပ်တို့အပေါ်သို့ရောက်လာပါကလည်း ကျွန်ုပ်တို့၏ခိုင်မာသောအားကိုးခြင်းကို ကျွန်ုပ်တို့၏ သစ္စာရှိသော အဘနှင့်

ဘုရားသခင်အပေါ်သာ ထားရှိကြသည်၊ ထိုသို့ဖြင့် သူ၏ချစ်ခြင်းမှနေ၍ မည်သည်ကမျှ ကျွန်ုပ်တို့ကို မကွဲစေနိုင်ပါ။ ဖန်ဆင်းတော်မူသောအရာအားလုံးသည် သူ၏လက်တော်အတွင်း၌သာရှိကြသဖြင့်၊ မည်သည့်အရာမျှ သူ၏အလိုတော်မပါဘဲ လှုပ်ရှားနိုင်ခြင်းမရှိပါ။

(ရော ၅း၃၊ ဆာလံ ၃၉း၁၀၊ တရား ၈း၁၀၊ ၁သက် ၅း၁၈၊ ရော ၅း၃–၆၊ ၈း၃၈–၃၉၊ ယောဘ ၁း၁၂၊ ၂း၆၊ မဿဲ ၈း၃၀၊ ဟေရှာ ၁၀း၁၅)